ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိကျဥဝဂ်(ဓမ္မပဒ-၃၈၀)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့။ Tuesday, 24 November 2026 ၁၂၃၅



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော်ရက်လုပ်ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်ရေပန်းရင်ပြင်တော်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက် ဖွင့်လှစ်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ ဖတ်စရာ

ဉာဏ်ရည်တု နည်းပညာခေတ်တွင် သတိပြုရမည့် သတင်းတု သတင်းမှား အန္တရာယ်

ဆောင်းပါး စာမျက်နှာ » ၁၀

မြစ်ကြီးနားမြို့ ရောဝတီ မြစ်ကမ်းဘေး၌ တန်ဆောင်မုန်း လပြည့်နေ့တွင် Night Market ဖွင့်လှစ်သွားမည်

စာမျက်နှာ » ၁၂

ရွှေတိဂုံစေတီတော်၊ ပုလဲတထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်နှင့် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တို့တွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြုင်ပွဲများ ကျင်းပ

စာမျက်နှာ » ၁၅



ရှမ်းပြည်နယ်တွင် အဓိကသီးနှံ ၁၄ မျိုး စိုက်ပျိုးထားပြီး ပဲပုပ်သီးနှံကို ပန်းတိုင်အထွက်နှုန်းရရှိရေး လျာထားဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်တွင် ၂၀၂၆ - ၂၀၂၇ ခုနှစ်၌ ပဲပုပ်သီးနှံကို ပန်းတိုင်သီးနှံအဖြစ် ပန်းတိုင်အထွက်နှုန်းရရှိရေး လျာထားဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ရှမ်းပြည်နယ်မှာ အဓိကသီးနှံ ၁၄ မျိုးကို စိုက်ပျိုးပါတယ်။ ဒီနှစ်မှာ ပဲပုပ်ကို ပန်းတိုင်သီးနှံအဖြစ် ထပ်တိုးသတ်မှတ်ပြီး ဆောင်ရွက်တာပါ။ ရှမ်းပြည်နယ်ကထွက်ရှိတဲ့ ပဲပုပ်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပဲပုပ်ချဉ်၊ ဂျူးပဲပုပ်၊ တို့ဟူးအပါအဝင် ပဲပုပ်နဲ့ ပြုလုပ်တဲ့ စားသောက်ကုန်တွေကို ထုတ်လုပ်နိုင်ဖို့

စာမျက်နှာ ၄ ကော်လံ ၂ သို့ ❖

တန်ဆောင်တိုင်ပွဲတော်ရုံးပိတ်ရက်ရှည်ကာလအတွင်း စက်သုံးဆီအား ဆီတင်ယာဉ်များဖြင့် အရန်သင့်ထားရှိကာ ရောင်းချပေးသည့်အတွက် ပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၃

တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်း ခရီးသွားလာမှုများပြားနိုင်သည့် လမ်းကြောင်းများပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေစွာ ခရီးသွားလာနိုင်ရေးအတွက်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐



တန်ဆောင်တိုင်ပွဲတော်ရုံးပိတ်ရက်ရှည်ကာလအတွင်း အများပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာလျက်ရှိပြီး စက်သုံးဆီအား ဆီတင်ယာဉ်များဖြင့် အရန်သင့်ထားရှိမှုကို တွေ့ရစဉ်။

သာမညဖလတန်ဆောင်မုန်းကာလ ရတနာသုံးပါးကြည်ညိုသဒ္ဓါဟွားများ

တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလအခါတော်မင်္ဂလာနေ့ဖြစ်သည်။ အခါတော်နေ့ ဖြစ်ပေါ်လာရသည့်အကြောင်းသည် အဇာတသတ်မင်းကြီး၏ ဘဝဖြစ်စဉ်နှင့်ဆက်စပ်နေသည်။ ရဟန်းပြုရခြင်း၏ အကျိုးကျေးဇူးများကို သိလိုသဖြင့် မေးမြန်းလျှောက်ထားလာသော အဇာတသတ်မင်းကြီးကို မြတ်စွာဘုရားက တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်အခါ၌ ရာဇဂြိုဟ်မြို့အနီး ဇီဝကသရက်ဥယျာဉ်တွင် သာမညဖလသုတ်တော်ကို ဟောကြားတော်မူသည်။ သာမညဖလသုတ်တရားတော်ကို နာယူခွင့်ရသည့်အခါ အဇာတသတ်မင်းကြီးသည် ရတနာသုံးပါးကိုကြည်ညိုသည့် သာသနာပြုမင်းကောင်းမင်းမြတ်ဖြစ်လာခဲ့သည်။

အဇာတသတ်မင်းကြီးသည် အဖပြစ်မှားမင်းတစ်ပါးဖြစ်သော်ငြား ပါရမီအခံရင့်သန်မှုကြောင့် မြတ်စွာဘုရားရှင်၏တရားတော်ကို နာကြားရပြီးနောက် သာသနာပြုမင်းဖြစ်လာခဲ့သည်။ ထေရဝါဒဗုဒ္ဓသာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန် အရေးပါသော ပထမသင်္ဂါယနာတင်ပွဲကို ဖြစ်မြောက်အောင် ဆောင်ကြဉ်းခဲ့သည်။ မြတ်ဗုဒ္ဓ၏ ဇာတ်တော်များကို မပျောက်ပျက်အောင် စုစည်းထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာသာသနာတော်၏ သမိုင်းမှတ်တမ်း တိကျခိုင်မာစေရန်အတွက် အရေးပါသော သာသနာတော်နှစ်ကို သတ်မှတ်ပေးခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ကို ပယ်ဖျက်၍ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူသည့် ကဆုန်လပြည့်နေ့မှစ၍ သာသနာတော်နှစ်ကို စတင်ခဲ့သည်။

အဇာတသတ်မင်းကြီး၏ အမြော်အမြင်ကြီးမှုကြောင့် ယနေ့ကာလတွင် မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် ၄၅ ဝါ သို့မဟုတ် ၄၅ နှစ်၊ သာသနာတော်နှစ် ၂၅၇၀ ပြည့်နှစ် စုစုပေါင်း မြတ်ဗုဒ္ဓသာသနာ ၂၆၁၅ ဟု တိတိကျကျ ပြောနိုင်ရေးနိုင်ခြင်းဖြစ်သည်။ အဇာတသတ်မင်းကြီးကို အကြောင်းပြု၍ သာမညဖလအခါတော်နေ့ ဖြစ်ပေါ်လာရခြင်းကိုလည်းကောင်း၊ သံဃာတော်များကို ပူဇော်သည့်နေ့မြတ်အဖြစ်လည်းကောင်း ရည်ရွယ်၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် ကျင်းပကြခြင်းဖြစ်သည်။ သာမညဖလအခါတော်နေ့နှင့်အတူ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်တို့အပြင် နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲ၊ မီးပုံးပျံလွှတ်ပွဲစသည်ဖြင့် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့ အမျိုးမျိုးကျင်းပကြပါသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် သံဃာတော်ကို ရည်မှန်းပူဇော်သည့် ကထိန်သင်္ကန်းကပ်လှူပူဇော်ခြင်းသည် ပမာနအကြောင်းဖြစ်ပါသည်။ တန်ဆောင်တိုင်ပွဲတော်သည် မြတ်ဗုဒ္ဓပွင့်တော်မူခါနီး အိန္ဒိယတိုက်မဇ္ဈိမဒေသတွင် တန်ဆောင်တိုင်ပွဲတော်နှင့်အတူကျင်းပသည့် နက္ခတ်ပူဇော်ပွဲဖြစ်ပါသည်။ မြန်မာ့မြေသို့ ထေရဝါဒဗုဒ္ဓဘာသာနှင့်အတူ မဇ္ဈိမဒေသ ယဉ်ကျေးမှုများစီးဝင်လာရာ ဆီမီးပူဇော်ပွဲလည်းပါဝင်လာခဲ့သည်။ ဆီမီးပူဇော်ပွဲနှင့်အတူ ဗာလနက္ခတ်ပွဲလည်း အသွင်ပြောင်းကာ စီးဝင်လာရာ မြန်မာပြည်သို့ရောက်သောအခါ ကျီးမနိုးပွဲ သို့မဟုတ် သူခိုးဗာလပွဲဖြစ်လာသည်။ မြန်မာပြည်မှ ဗာလနက္ခတ်ပွဲသည် သာဝတ္ထိပြည်မှ ဗာလနက္ခတ်ပွဲလောက်မကြမ်းသော်လည်း ဆိုးမွေခံ ဗာလမျိုးဆက်သစ်တို့၏ အပြောင်အပြက် အနှောင့်အယှက်ပေးမှုကြောင့် လူကောင်းသူကောင်းများ စိတ်ဆင်းရဲကြရပါသည်။

မြန်မာပညာရှိများက ဗာလနက္ခတ်ပွဲ၊ ဗာလတန်ဆောင်တိုင်ပွဲကို လက်မခံပါ။ အတုလည်းမယူပါ။ သို့သော် မျက်မှောက်ကာလ တန်ဆောင်တိုင်အခါသမယတွင် အပြောင်အပြက်များကို တွေ့လာရပါသည်။ တန်ဆောင်တိုင်၊ ကထိန်အလှူပွဲကို အကြောင်းပြု၍ သရုပ်ပျက်ယဉ်ကျေးမှုများ ပါဝင်လာပါသည်။ တန်ဆောင်မုန်းလအတွက် မြန်မာ့ရိုးရာအစဉ်အလာပွဲတော်မှာ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ပွဲ၊ ကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲသာဖြစ်ပါသည်။ မြန်မာစာပေပညာရှင် မဟာအတုလမင်းကြီးက "တန်ဆောင်ငယ်မာသ၊ ဆယ့်နှစ်လတွင်၊ ချမ်းမြဧယင်၊ ဗြိစ္ဆာခွင်သို့၊ ရက်ငင်ပြောင်းခွာ၊ ခဝဲညာလဲ၊ ခိုင်လွှာဝတ်မှုန်၊ ရနံ့သာထုံတော့တယ်၊ ဘုန်းဂုဏ်ကြော့ သမ္ဘိန်မှာ၊ လှူကထိန် သဘင်ခင်းပါလို့ ကျင်းပကြတယ်လေး" ဟု ရေးစပ်၍ ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲသာလျှင် တန်ဆောင်မုန်းလ၏ ရိုးရာဘာသာရေးပွဲတော်အဖြစ် မှတ်တမ်းတင်ခဲ့ပါသည်။

သို့ဖြစ်ရာ တန်ဆောင်တိုင်အခါသမယတွင် နက္ခတ်ပူဇော်ပွဲများ၊ ဗာလနက္ခတ်ပွဲများ အစဉ်အလာရှိသော်လည်း ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ဗုဒ္ဓအဆုံးအမနှင့် မကိုက်ညီသောကြောင့် ဖယ်ရှားရမည်ဖြစ်သည်။ သံဃာတော်အားရည်မှန်း၍ ကထိန်သင်္ကန်းကပ်လှူခြင်းကိုသာ ကောင်းမှုများရနိုင်သည့် ရိုးရာဘာသာရေးပွဲတော်အဖြစ် လက်ခံကြရမည်ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်အခါသမယတွင် ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ရဟန်းပြုခြင်းအကျိုးတရားများကို မြတ်ဗုဒ္ဓဟောကြားတော်မူသော သာမညဖလသုတ်တော်ကိုပူဇော်ကာ ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားစောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

မုံရွာမြို့၌ လူငယ်စကားဝိုင်းနှင့် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲများ ကျင်းပ

မုံရွာ နိုဝင်ဘာ ၂၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ "စာဖတ်သူလူငယ်များ၏ အနာဂတ်တောက်ပရမည် (Young Readers, Bright Future)" လှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက မုံရွာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အဆိုပါလူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းဝင်းက အမှာစကား ပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာရိတ္တ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ဆက်လက်ပြသခဲ့ရာ လူငယ်များက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

■

၂၃ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

စာတည်းမှူးချုပ်	- ဝင်းနိုင်	**အကြီးတန်း**	- ခင်မို့မို့အောင်၊
စာတည်းမှူး	- အေဝမ်းစိုး	**သတင်းထောက်များ**	ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်	**အငယ်တန်း**	- အောင်ကျော်ဦး၊ သန်းတင်အောင်
		သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ကြည့်ရှုအားပေး

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြု ရက်ကန်းစင်တော် ၁၅ ခုတွင် မသိုးရွှေကြာသက်နံ့ ရက်လုပ်နေမှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

✪ ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတနှင့် ဇနီးနှင့်အတူ ဒုတိယ သမ္မတ ဦးညီစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲထင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မသိုးရွှေကြာသက်နံ့ထောက် ရက်လုပ်ပူဇော်ကြမည့် ရက်ကန်းအဖွဲ့များ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး တို့သည် အခမ်းအနားကျင်းပမည့် နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် အနုပညာရှင်များက လှိုက်လဲ နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ စတင်ကြပြီး သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က **“ဇယမင်္ဂလာစာတမ်းလွှာ”**ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ၂၀၂၆ ခုနှစ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသက်နံ့တော် ရက်လုပ်ပူဇော်ပြီင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပက အဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကိုတီးခတ်၍ အချက်ပေးရာ ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသက်နံ့များကို စတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက ရက်ကန်းစတင်ရက်လုပ်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက “မြို့ငြိမ်မြို့ဆိုင်ဆိုင် လတန်ဆောင်တိုင်” တေးသီချင်းဖြင့် **စာမျက်နှာ ၄ သို့ »»**





၂၀၂၆ ခုနှစ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသက်နံ့တော် ရက်လုပ်ပူဇော်ပြီင်ပွဲတွင် အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးစဉ်။









၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြစဉ်။



မီးပုံးပျံလွှတ်တင်ရန် ပြင်ဆင်မှုများဆောင်ရွက်နေစဉ်။

»» စာမျက်နှာ ၃ မှ

သီဆိုတီးမှုတ် ကပြဖျော်ဖြေကြပြီး အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်နက်လွှတ်တင်ကြသည်။

ဆက်လက်၍ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များသည် နေပြည်တော်ကောင်စီနယ်မြေတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြုရက်ကန်းစင်တော် ၁၅ ခုရှိ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နှစ်စဉ်စည်ကား သိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်လျက်ရှိပြီး ယခုပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခြင်း၊ အလှ ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ် ဝတ္တုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့် အတူ နိုင်ငံကျော် အနုပညာရှင်များက လည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် စည်ကား သိုက်မြိုက်စွာ စီစဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❒ တန်ဆောင်တိုင်မှ

လိုအပ်သည့်စက်သုံးဆီများကို အမြန်ဖြည့်တင်းရောင်းချပေးနိုင်ရန် စက်သုံးဆီတင်ယာဉ်များဖြင့် အရန်ဆီများကြိုတင်ပေးပို့ စီမံထားရှိခဲ့ပြီးဖြစ်သဖြင့် စက်သုံးဆီများကို အဆင်ပြေစွာဝယ်ယူသုံးစွဲလျက်ရှိသည်။

ပြည်သူများအနေဖြင့် ခရီးသွားကာလအတွင်း လိုအပ်သည့်စက်သုံးဆီများ အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် စက်သုံးဆီတင်ယာဉ်များဖြင့် အရန်ဆီများကို ထပ်မံဖြည့်တင်းပေးပို့ စီမံဆောင်ရွက်ထားရှိသည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများကို မြို့ကြီးများနှင့် ခရီးလမ်းတစ်လျှောက်တွင် သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း ဝယ်ယူသုံးစွဲနိုင်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

❖ ရှမ်းပြည်နယ်မှ

သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စိုက်ပျိုးထွက်ရှိတဲ့ ကုန်ကြမ်းတွေကနေ စားသောက်ကုန် ကုန်ချောရရှိရေး၊ သဘာဝမြေသြဇာ ထုတ်လုပ်နိုင်ရေးနဲ့ စွမ်းအင်ကဏ္ဍအတွက် ထုတ်လုပ်နိုင်မယ်ဆိုရင် စိုက်ပျိုးတောင်သူတွေအတွက် ဝင်ငွေတွေတိုးပွားလာမှာပါ။"ဟု ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးငြိမ်းထွန်းက ပြောသည်။

လျာထားဆောင်ရွက်

ရှမ်းပြည်နယ်တွင် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ ချက်ကြံရင့်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် ပဲပုပ်တို့ကို အဓိကပန်းတိုင်သီးနှံများအဖြစ် စိုက်ပျိုးထားရှိပြီး ပဲပုပ်ကို ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ပန်းတိုင်သီးနှံအဖြစ် ထပ်တိုးသတ်မှတ်ကာ ပန်းတိုင်အထွက်နှုန်းရရှိရန် လျာထားဆောင်ရွက်နေခြင်းဖြစ်သည်။

၂၀၂၆-၂၀၂၇ ခုနှစ်တွင် ပန်းတိုင်သီးနှံ ၁၄ မျိုးဖြစ်သည့် မိုးစပါးလျာထားဧက ၁၂၅၅၈၃၁ ဧကတွင် ၃၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ နွေစပါးလျာထားဧက ၃၆၃၂၀ တွင် ၄၈ ဒသမ ၇၉ ရာခိုင်နှုန်း၊ အစေ့ထုတ်ပြောင်း ဧက ၁၀၄၀၄၁၀ တွင် ၁၅ ဒသမ ၇၉ ရာခိုင်နှုန်း၊ မြေပဲ ၁၂၅၉၇၅ ဧကတွင် ၁၅ ဒသမ ၃၁ ရာခိုင်နှုန်း၊ နှမ်း ၃၈၄၁၈ ဧကတွင် ၄ ဒသမ ၀၉ ရာခိုင်နှုန်း၊ နေကြာ ၄၅၆၅၃ ဧကတွင် ၁၆ ဒသမ ၃၅ ရာခိုင်နှုန်း၊ ပဲတီစိမ်း ၁၄၃၁၆ ဧကတွင် ၂၂ ဒသမ ၆၃ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၇၆၉၁၄ ဧကတွင် ၁၃ ဒသမ ၄၀ ရာခိုင်နှုန်း၊ ချည်မျှင်ရှည်ဝါ ၁၃၅ ဧကတွင် ၂၆ ဒသမ ၆၇ ရာခိုင်နှုန်း၊ ချက်ကြံရင့် ၁၈၅၃၅၂ ဧကတွင် ၃၇ ဒသမ ၁၉ ရာခိုင်နှုန်း၊ ကြက်သွန်နီ ၁၆၃၈၅ ဧကတွင် ၁ ဒသမ ၂၅ ရာခိုင်နှုန်း၊ ကြက်သွန်ဖြူ ၅၆၀၆၉ ဧကတွင် ၈ ဒသမ ၇၇ ရာခိုင်နှုန်း၊ အာလူး ၅၄၄၃ ဧကတွင် ၅၃ ဒသမ ၅၆ ရာခိုင်နှုန်း၊ ပဲပုပ် ၁၉၀၅၁၂ ဧကတွင် ၁၉ ဒသမ ၉၅ ရာခိုင်နှုန်းနှင့် မတ်ပဲ ၇၀၈ ဧကတွင် တစ်ဧကလျှင် ၁၇ ဒသမ ၉ တင်း ထွက်နှုန်းရရှိရန် လျာထားဆောင်ရွက်လျက်ရှိသည်။

အဆိုပါပန်းတိုင်သီးနှံများ စိုက်ဧကနှင့် အထွက်နှုန်း ပိုမိုတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ မျိုး၊ ရေ၊ မြေ၊ နည်းပညာလိုအပ်ချက်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)

ဓာတ်ပုံ - ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ဒုတိယနေ့ ဘုရားဖူးလာပြည်သူများဖြင့် ပွဲတော်တစ်ခုလုံး ကြိတ်ကြိတ်တိုးစည်ကား

နေပြည်တော် နိုဝင်ဘာ ၂၃

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ဒုတိယနေ့ဖြစ်သည့် ယနေ့တွင် နံနက်ပိုင်းမှစတင်၍ ကုသိုလ်ယူသူများ၊ ဘုရားဖူးလာရောက်သူများ၊ ဈေးဝယ်သူများ၊ အပန်းဖြေလည်ပတ်ကြသည့် ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် ပွဲတော်တစ်ခုလုံး ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

"မနေ့က ပွဲတော်ကို လာလည်ဖြစ်တယ်။ ဒီနေ့လည်း မိသားစုနဲ့ ထပ်ပြီး လာရောက်လည်ပတ်ဖြစ်တာပါ။ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြီးပွဲတော်ကို ကြည်ညိုချင်လို့ပါ။ ဆီမီးပူဇော်ပွဲနဲ့ မီးပုံးပျံပွဲလည်း ကြည့်ချင်လို့ပါ။ ရုံးပိတ်ရက်လည်းဖြစ်တဲ့အတွက် ပြည်သူတွေ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ဆင်နွှဲကြတဲ့ ပွဲတော်ဖြစ်တော့ ကြိတ်ကြိတ်တိုးပါပဲ။ အေးချမ်းသာယာတဲ့ တန်ဆောင်တိုင်ပွဲတော်မှာ အားလုံးပျော်ရွှင်ကြပါစေ"ဟု လာရောက်လည်ပတ်သူ ဝန်ထမ်းမိသားစုဝင်တစ်ဦးဖြစ်သည့် ချောက်ဖြို့မှ ဦးအေးဝင်းက ပြောသည်။



ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော် ပြီးပွဲတွင် ပြည်ထောင်စု နယ်မြေနေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရက်ကန်းစင် ၁၅ စင် ယှဉ်ပြိုင်ရက်လုပ် ပူဇော်ကြသည်။

ထိုသို့ မသိုးသင်္ကန်း ရက်လုပ်ပူဇော်မှုကို ဘုရားဖူးပြည်သူများက ကြည်ညိုသဒ္ဓါပွားများစွာ လာရောက်ကြည့်ရှု အားပေးကြသည်။

"တန်ဆောင်တိုင် အခါသမယမှာ ကုသိုလ်ပြုကျင်းပပူဇော်တဲ့ ဓလေ့တစ်ခုပါ။ မသိုးသင်္ကန်းဆိုတာ အဆင့်ဆင့်ရက်လုပ်ရတယ်၊ နေ့ချင်းပြီးအောင် ရက်လုပ်ရတယ်။ အလေးအမြတ်ထားရက်လုပ်လျှဒါနဲ်းပူဇော်တာဖြစ်ပါတယ်။ သပ္ပာယ်ကြည်ညိုရတဲ့ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရင်း မသိုးသင်္ကန်းရက်လုပ်တာကို ကြည်ညိုခွင့်ရတယ်။ ဘုရားကြီးကို ဖူးမြော်ရင်း အေးချမ်းမှုတွေ အများကြီးရတဲ့ တန်ဆောင်တိုင်ညလေးပါ" ဟု လယ်ဝေးမြို့နယ် အောင်ချမ်းသာကျေးရွာမှ ဒေါ်ဌေးဌေးက ပြောသည်။



အလားတူ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် မေတ္တာပို့သခြင်းတို့ဖြင့် ကုသိုလ်ပြုကြသည့် ပြည်သူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ဘုရားဖူးလာ ပြည်သူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အဆင်ပြေချောမွေ့စွာ ဖူးမြော်နိုင်ရန် တာဝန်ရှိသူများက လုံခြုံရေးစစ်ဆေးမှုများနှင့် လိုအပ်သည့် လမ်းညွှန်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ သွားလာမှုအဆင်ပြေစေရန် ဝီးချဲလ်များ၊ မော်တော်ယာဉ်ငယ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထို့အတူ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ဘုရားဝင်းအတွင်း သတ်မှတ်နေရာ၌ ကျင်းပရာ ယနေ့ဒုတိယနေ့ ယှဉ်ပြိုင်မှုတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီက "ဇေယျာအောင်လံ"၊ လွှတ်တင်ပူဇော် ယှဉ်ပြိုင်ကြသည်။

အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက "လူကယ်ပြန်"၊ အားကစားရေးရာဝန်ကြီးဌာနက "ပြည့်ဂုဏ်ဆောင်"၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနက "ပြည်ထောင်စုတိုင်းရင်းသား"၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက "စွဲမက်ဖွယ်ရာပြည်မြန်မာ"၊ ပညာရေးဝန်ကြီးဌာနက "မြတ်ပညာ"၊ ကျန်းမာရေးဝန်ကြီးဌာနက "အာရောဂျ"၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က "အာသာဝတီ" စသည့် စိန်နားပန်မီးပုံးပျံများကို လွှတ်တင်ပူဇော် ယှဉ်ပြိုင်ကြသည်။

ထိုသို့ လွှတ်တင်ပူဇော်ကြရာတွင် ဌာနအလိုက် တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ အိုးစည်ဆိုင်းပတ်နှင့် သံချပ်တီးလုံးများဖြင့် တီးမှုတ်ကပြဖျော်ဖြေခြင်း၊ မီးပုံးပျံအသေးများ လွှတ်တင်ပူဇော်ခြင်း၊ လာရောက် ကြည့်ရှုကြသည့် ပရိသတ်များက ပျော်ရွှင်စွာ ကခုန်အားပေးခြင်းတို့ဖြင့် တန်ဆောင်တိုင်ညဏ် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲအလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါမိဝတီ သာသနာ့ဗိမာန်တော်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုသူများအပြင် ရေပန်းရင်ပြင်နှင့် ရေပန်းအဝိုင်းများ၌ ဘုရားဖူးပြည်သူများက တန်ဆောင်တိုင်ညဉ အလှကို မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် ပျော်ရွှင်စွာဆင်နွှဲကြသည်။





အလားတူ ဥယျာဉ်တော်မြောက်ဘက် ဝတ္ထုကုံမြေရှိ ဆိုင်ခန်းပေါင်း ၅၂၀ ပါဝင်သော တန်ဆောင်တိုင် ဈေးရောင်းပွဲတော်တွင်လည်း ဒေသအလိုက် MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ One Region One Product (OROP) ထုတ်ကုန်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက "ဝိသကြံ"၊ နယ်စပ်ရေးရာဝန်ကြီးဌာနက "သာယာရွှေပြည်"၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက "လယ်ယာထွက်ကုန်မြှင့်တင်ပေးနိုင်ငံစီးပွားဖွံ့ဖြိုးရေး"၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက "လမင်းထိန်သာပြည်မြန်မာ"၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက "စိမ်းလန်းမြေ"၊ ပြန်ကြားရေးဝန်ကြီးဌာနက "ပြန်ကြားအားမာန်မိုးထက်ဝယ်" စသည့် ညမီးကြိုးမီးပုံးပျံများကို

စာမျက်နှာ ၆ သို့ ✦

✦ စာမျက်နှာ ၅ မှ

အိမ်တွင်းလက်မှု အနုပညာပစ္စည်းများ၊ ရိုးရာဝတ်စုံများနှင့် တိုင်းရင်းသားရိုးရာ စားသောက်ဖွယ်ရာများကို စျေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

စျေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချသူ ဆိုင်ခန်းတာဝန်ရှိသူ တစ်ဦးက "ဒီနေ့ ဒုတိယနေ့မှာ ပွဲတော်လာရောက်သူတွေ ပိုများလာတဲ့အတွက် မနက်ပိုင်းကတည်းက အရောင်းအဝယ် တော်တော်လေး သွက်ပါတယ်။ ကျွန်တော်တို့ရဲ့ ဒေသထွက် MSME ထုတ်ကုန်တွေကိုလည်း ပြည်သူတွေက စိတ်ဝင်တစား မေးမြန်းကြပြီး ဝယ်ယူအားပေးကြတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလိုစျေးပွဲတော်မှာ ပါဝင် ရောင်းချခွင့်ရတဲ့အတွက် လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။



အလားတူ ဖျော်ဖြေရေးအစီအစဉ်များတွင် ပြည်သူချစ်ဇာတ်မင်းသား အောင်ဇမ္ဗူ ဦးဆောင်သည့် ဇာတ်သဘင်အဖွဲ့က ခေတ်မီစင်မြင့်အပြင်အဆင်၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်း တူရိယာများ ပေါင်းစပ်တီးခတ်မှုတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကပြသီဆိုဖျော်ဖြေကြရာ ကိုကြီးကျော်ပလီလွန်းတယ် အော်ပရာကြီး၊ စင်မြင့်ပေါ်မှ တေးဂီတ(Show)၊ မချစ်တတ်သူများ မကြည့်ရ(ပြဇာတ်ကြီး)နှင့် နှစ်ပါးသွား အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ပွဲတော်လာ ပရိသတ်များက ကွင်းပြည့် ကွင်းလျှံ တစ်ခဲနက်အားပေးကြည့်ရှုခဲ့ကြသည်။

ထို့ပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် မေသက်ထားဆွေ၊ ဝေလာရီမေလသံစဉ်၊ စည်သူလွင်၊ သာဒီးလူ၊ Mi Sandi၊ ပိုပို၊ မိုးမိုး၊ သားသား၊ နီနီခင်ဇော်၊ ပုံရိပ်၊ သားစိုးတို့၏ ပရိသတ်အကြိုက်ခေတ်ပေါ် တေးသီချင်းများဖြင့် ဖျော်ဖြေမှု၊ DJ များနှင့် Daily Gita Band တို့၏ တီးခတ်မှုတို့က ပွဲတော်လာ ပရိသတ်များကို ပျော်ရွှင်စေခဲ့ပြီး ပရိသတ်များ၏ သံပြိုင်လိုက်ပါ သီဆိုကခုန်မှုများဖြင့် အားပေးမှုအထူးရရှိခဲ့သည်။

ထို့ပြင် ကလေးကစားကွင်းရှိ ရထားဝိုင်း၊ ချားဝိုင်း၊ လူပ်စီး၊ ခုံး၊ ပျော့အိနှင့် ကလေးစီးကားများတွင် ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသကဲ့သို့ ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ဂိမ်းကစားနည်းများတွင်လည်း လာရောက်ကစားသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် ပွဲတော်ကို နိုဝင်ဘာ ၂၄ ရက် တန်ဆောင်မုန်းလပြည့်နေ့အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ရာ ဘုရားဖူးကုသိုလ်ယူရင်း မိသားစုနှင့်အတူ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **သတင်း - သန်းမင်းအောင်၊ ကျိုင်းလော**

ဓာတ်ပုံ - အေးပြည့်အောင်

















တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် မီးပုံးပျံအဖွဲ့များမှ အကောင်းဆုံးဆုရအသင်းများ ပေါ်ထွက်လာနိုင်ရေး အမှတ်ပေးဒိုင်ခုနစ်ဖွဲ့က အမှတ်ပေးစည်းမျဉ်းနှင့်အညီ နေ့စဉ် အကဲဖြတ်ပေးလျက်ရှိ



ရန်ကုန် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်၏ ရိုးရာပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် မီးပုံးပျံအဖွဲ့များမှ အကောင်းဆုံးဆုရအသင်းများ ပေါ်ထွက်လာနိုင်ရေး အမှတ်ပေးဒိုင်ခုနစ်ဖွဲ့က အမှတ်ပေးစည်းမျဉ်းနှင့်အညီ နေ့စဉ်အကဲဖြတ်ပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် မီးပုံးပျံပြိုင်ပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရိုးရာမီးပုံးပျံလွှတ်တင်ရေး ဒိုင်ချုပ်အဖွဲ့နှင့် ဒိုင်စည်းကမ်းအမှတ်ပေးအဖွဲ့ အောက်တွင် မှိုင်းခံအမှတ်ပေးအဖွဲ့၊ ပုံသဏ္ဌာန်အမှတ်ပေးအဖွဲ့၊ အတက်စံချိန် အမှတ်ပေးအဖွဲ့၊ သဘာဝရုပ်လုံးနှင့် စက္ခုပသာဒ အမှတ်ပေးအဖွဲ့၊ ယမ်းခွေအလေးချိန် ချိန်တွယ်စစ်ဆေးရေးအဖွဲ့နှင့် တန်ဆာပလာ အမှတ်ပေးအဖွဲ့ဟူ၍ အမှတ်ပေးအဖွဲ့ခြောက်ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးထားပြီး အမှတ်ပေးဒိုင်များက အဝေးရာမီးပုံးပျံကွင်း၌ နေ့စဉ် နေ့လွှတ်အရုပ်နှင့် ညလွှတ်မီးပုံးပျံများကို စောင့်ကြည့်အကဲဖြတ် အမှတ်ပေးလျက်ရှိသည်။

ယခုနှစ် မီးပုံးပျံပြိုင်ပွဲသည် ယခင်နှစ်များထက် ပြိုင်ပွဲဝင်မီးပုံးပျံအလုံးရေများပြားပြီး ပြိုင်ဆိုင်မှုအားကောင်းသည့်အတွက် ပွဲတော်လာ ပြည်သူများက ပွဲတော်ရက်များအတွင်း နေ့စဉ်ကြိတ်ကြိတ်တိုးလာရောက် အားပေးလျက်ရှိသည်။

"မီးပုံးပျံပြိုင်ပွဲမှာ အရုပ်ဆိုရင် တစ်ရက်ကို ၄၅ လုံးနီးပါး လွှတ်တင်နေပါတယ်။ ဒီနှစ်မှာ ပြိုင်ပွဲဝင် နေ့လွှတ်အရုပ်ပေါင်း ၄၄၉ လုံးရှိပါတယ်။ မနှစ်က အရုပ် ၂၀၀ ကျော်ပဲ ရှိခဲ့တာပါ။ ဒီနှစ်မှာ ၉ ရက်နဲ့ မလောက်လို့ နိုဝင်ဘာ ၁၃ ရက် နေ့ကစပြီး နေ့အရုပ်လွှတ်ပြိုင်ပွဲကို စတင်ခဲ့ရပါတယ်။ တောင်ကြီးမှာ မီးပုံးပျံပြိုင်ပွဲအစ နေ့အရုပ်လွှတ်တင်ရာကနေ စခဲ့တာပါ။ မီးနဲ့အရုပ်ကို လွှတ်တင်ခဲ့ရာက နေ မီးဆရာအစ အရုပ်ကလို့ စကားရှိခဲ့ပါတယ်။ မီးပုံးပျံအရုပ်လွှတ်တင်ရာကနေ စိန်နားပန်၊ မီးကြီးဆိုပြီးတဖြည်းဖြည်းတိုးတက်ပြောင်းလဲခဲ့ပါတယ်။ ဒီနှစ်ပြိုင်ပွဲဟာ စံချိန်တင်အလုံးရေများတဲ့အတွက် ပြိုင်ပွဲမှာ အမှတ်ပေးအဖွဲ့အနေနဲ့ အဖွဲ့ခြောက်ဖွဲ့က နေ့ညမပြတ် လွှတ်တင်ပေးနေပြီး သတ်မှတ်စည်းကမ်းနဲ့ အညီ အမှတ်ပေးနေပါတယ်။ အထူးသဖြင့် အကောင်းဆုံးအသင်းတွေဆုရရှိရေးအတွက် အမှတ်ပေးဒိုင်တွေအနေနဲ့ အကဲဖြတ်ဆောင်ရွက်ပေးနေပါတယ်"ဟု ဒိုင်စည်းကမ်းအမှတ်ပေးအဖွဲ့ ခေါင်းဆောင် မီးပုံးပျံပညာရှင် ဦးတင်ဝင်း (ပန်းချီ)က ပြောသည်။

ယနေ့ကျင်းပသည့် နေ့လွှတ်အရုပ်ပြိုင်ပွဲတွင် လင်ကောင်ပိုး၊ ဟသ်၁၊ ဘဲ၊ အချစ်ငှက်၊ ငန်း၊ ကြက်တူရွေး၊ စာကလေး၊ ရွှေဝါငှက်၊ သစ်တောက်ငှက်၊ ကြက်ဖ၊ ကာဒီနာငှက်နီ၊ တောဝက်၊ အာဖရိကဆင်၊ ဆူမို့၊ ဂေါ်ဇီလာ၊ ရွှေသမင်၊ ပုရွက်ဆိတ်စားဝက်၊ ကြွဲ၊ ခြင်္သေ့၊ နွားကျားသစ်၊ ဝက်ပံ၊ ရှဉ့်ကြွက်၊ ပန် ဒါသုံးကောင်၊ ကြက်သုံးကောင်၊ ယုန်သုံးကောင်၊ ဘဲသုံးကောင်၊ ပင်ငွေးသုံးကောင်၊ ငှက်မင်းသားသုံးကောင်အပါအဝင် သဘာဝအရုပ်မီးပုံးပျံ ၃၉ ခု၊ ညလွှတ်စိန်နားပန် မီးပုံးပျံပြိုင်ပွဲတွင် ချိခန့်(ငယ်း)၊ ရွှေနမ့်စန်၊ ခွဲထက်၊ Cherry Oo၊ ရွှေအင်းသား၊ ညမီးကြီးပြိုင်ပွဲတွင် ကောဝံနင်း Nice Food၊ ချိခန့်(ငယ်း)၊ တောင်ပိုင်း၊ ရွှေဇုန်၊ Cherry Oo၊ Alpine သောက်ရေသန့်၊ ရွှေအင်းသား၊ မင်္ဂလာ၊ ဟူးဟားစွဲ့အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယနေ့သည် အဖိတ်နေ့ဖြစ်သည့်အတွက် တောင်ကြီးမြို့၌ နံနက်ပိုင်းတွင် ဌာနဆိုင်ရာ၊ အခြေခံပညာ ကျောင်းများနှင့် ဒေသခံတို့၏ မြို့လုံးကျွတ် ဘုံကထိန်လှည့်လည်ပွဲကို လည်းကောင်း၊ ညနေပိုင်းတွင် စူဋ္ဌာမုနိလောကချမ်းသာ ဧစတီတော်၌ မသိုးသင်္ကန်းရက်လုပ် ယှဉ်ပြိုင်ပွဲကိုလည်းကောင်း ကျင်းပခဲ့ပြီး အထူးစည်ကားခဲ့ကြောင်း သိရသည်။

ကိုထွေး၊ သစ္စာ
ဓာတ်ပုံ - ခွဲမာန်



ပေါင်မြို့နယ်၌ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိ

ပေါင် နိုဝင်ဘာ ၂၃

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း၌ ယနေ့တွင် စတုဒိသာကျွေးမွေးသူများ၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိသည်။

တန်ဆောင်မုန်းလ အဖိတ်နေ့တွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ ရဝ်ကွက်တိုင်း၊ ကျေးရွာတိုင်း၌ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း၊ လူတစ်ဦးလျှင်ဆန်တစ်ပြည်ပေးဝေခြင်း၊ လှူဒါန်းသည့် ပစ္စည်းများ မဲနှိုက်လှူဒါန်းပေးခြင်း၊ ကျိုက်ပေါင်းဆံတော်ရှင်တွင် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ယောဂီအဖွဲ့ (၁၇)ဖွဲ့က မမွှစကြာတရားတော်ကို အလှည့်ကျရွတ်ဖတ်ပူဇော်ကာ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ယနေ့တွင် ပေါင်မြို့နယ် ဓလေ့အရ မုန့်လင်မယား(ခေါ်)မုန့်အုပ်ကလေးများ မပါမဖြစ် စတုဒိတာကျွေးမွေးလျက်ရှိကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)





တာချီလိတ်မြို့ ရွှေတိုဂုံစေတီတော်ရင်ပြင်၌ စုပေါင်းဆွမ်းဆန်စိမ်း လောင်းလှူ

တာချီလိတ် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ကျက်သရေဆောင် ရွှေတိုဂုံစေတီတော်ရင်ပြင်၌ သံဃာတော်များ၊ သာမဏေများနှင့် သီလရှင်များအား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်နှင့် နေ့စဉ်အသုံးအဆောင်ပစ္စည်းများ အဆင်ပြေစွာ အသုံးပြုနိုင်ရေး ရည်ရွယ်၍ စုပေါင်းဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအလှူပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇိမ်းအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဥက္ကဋ္ဌ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရွှေတိုဂုံစေတီဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မြင့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ တပ်နယ်မှ မိသားစုဝင်များ၊ ဒေသခံအလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် အလှူရှင်များက ဆရာတော်၊ သံဃာတော် ၁၀၈ ပါးနှင့် သီလရှင် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ပစ္စည်းများကို စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကော့သောင်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာအလိုက် ဗုဒ္ဓပူဇနီယပွဲတော်များ ကျင်းပ

ကော့သောင်း နိုဝင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် တန်ဆောင်မုန်းလဆန်းပိုင်းမှစ၍ စံကျောင်းတော်ဖြစ်သည့် ကော့သောင်းမြို့ပြည်တော်အေး သာသနာဒိမာန်တော်မှ မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများ၊ အသင်းအဖွဲ့များ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်အား ပွင့်စဉ်အလိုက် မဲစနစ်ဖြင့် ပင့်ဆောင်ကြကာ မိမိတို့ ရပ်ကွက်/ကျေးရွာများတွင် ယာယီကိန်းဝပ် စံပယ်အပူဇော်ခံကာ ဗုဒ္ဓပူဇနီယပွဲတော်ကို ဆင်ယင်ကျင်းပကြသည်။ ထိုသို့ကျင်းပရာ ယာယီစံကျောင်းများတွင် ဝတ်ရွတ်အဖွဲ့များက မမွှေကြာ၊ ပရိတ်၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ အလှူရှင်များက စတုဒိသာကျွေးမွေးခြင်းနှင့် ဈေးပွဲတော်များ ကျင်းပခြင်းများဖြင့် ဗုဒ္ဓပူဇနီယပွဲတော်များ ကျင်းပကြသည်။

ထိုသို့ ရပ်ကွက်/ကျေးရွာအလိုက် ပင့်ဆောင်အပူဇော်ခံထားရှိသော နှစ်ကျိပ်ရှစ်ဆူကုန်သော ဗုဒ္ဓရုပ်ပွားတော်မြတ်များအား တန်ဆောင်မုန်းလပြည့်ညတွင် စုရုပ်ဖြစ်သည့် (၇)မိုင်ကျေးရွာမှစ၍ ကော့သောင်းမြို့တွင်းသို့ ဒေသစာရီ လှည့်လည် အပူဇော်ခံကာ စံကျောင်းတော်ဖြစ်သည့် ပြည်တော်အေးသာသနာဒိမာန်တော်တွင် ပြန်လည်ထားရှိ၍ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကို တန်ဆောင်မုန်းလပြည့်မှ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့၌ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲ ကျင်းပ

နတ်တလင်း နိုဝင်ဘာ ၂၃

နတ်တလင်းမြို့ ကျက်သရေဆောင် သကျမဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓမြတ်စွယ်တော်လှည့်လည် အပူဇော်ခံပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပရာ မင်္ဂလာကရဝိက်ယာဉ်ဖြင့် နတ်တလင်းမြို့အတွင်းသို့ ဒေဝါဝင်းရာဇာဝင်း ခြံရံလျက် လှည့်လည် အပူဇော်ခံခဲ့သည်။

ထိုသို့ အပူဇော်ခံရာ ဖူးမြော်သူများဖြင့် စည်ကားလှုက်ရှိသည့် အပြင်ညဦးတွင်လည်း အနယ်နယ် အရပ်ရပ်မှ လာရောက်လည်ပတ်သူများ၊ တေးဂီတဖျော်ဖြေမှုများ၊ ပျော်ပွဲရွှင်ပွဲများ၊ ကလေးကစား ကွင်းများ၊ ၁၂ ရာသီ ပွဲဈေးတန်းများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့က ကျက်သရေဆောင် သကျမဟာမြတ်မုနိဘုရားကြီးတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့်ဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးမွေးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။



ဆက်လက်၍ ယာယီစံကျောင်းတော်၌ ကိန်း၀ပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား စတင်ပင့်ဆောင်ပေးခဲ့ကြပြီး ဗုဒ္ဓမြတ်စွယ်တော်အား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများက နတ်တလင်းမြို့အတွင်း လှည့်လည်အပူဇော်ခံမည့် မင်္ဂလာကရဝိက်ယာဉ်ပေါ်သို့ အဆင့်ဆင့် ပင့်ဆောင်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

တောင်ငူမြို့၌ (၅၁၆)နှစ်ပြည့် ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည် အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲကျင်းပ



တောင်ငူ နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ဗဟိုမဏ္ဍပ်၌ ယမန်နေ့ညနေ ပိုင်းက (၉၅)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲနှင့် (၅၁၆) နှစ်ပြည့် ကေတုမတီ (တောင်ငူ)မြို့တည်နန်းတည် အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲကျင်းပသည်။

အခမ်းအနားကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်သူများနှင့်အတူ တောင်ငူမြို့အတွင်း ရပ်ကွက်အလိုက်အဖွဲ့များက နှစ်ကျိပ်ရှစ်ဆူ ဘုရားများအား အလှူပြဿဒါများဖြင့် ပင့်ဆောင်၍ ဒေသစာရီလှည့်လည်ပူဇော်ပွဲကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ နှစ်ကျိပ်ရှစ်ဆူဘုရားများအား ဒေသစာရီပင့်ဆောင် လှည့်လည်အပူဇော်ခံသည့် အလှူပြဿဒါများ ယှဉ်ပြိုင်မှုကို နိုဝင်ဘာ ၂၄ ရက်တွင် တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ တောင်ငူမြို့၌ ယမန်နေ့နံနက်ပိုင်းက အလှူဒါယကာ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး + ဇနီး ဒေါ်ဝင့်ရည်အေး မိသားစုနှင့် ဧည့်ပရိသတ်များက အလှူတော်ငွေကျပ် သိန်းပေါင်း ၈၁၇၀ လှူဒါန်း၍ ရွှေဟင်္သာ စေတီတော်အသစ်တဖန် ပြန်လည်တည်ဆောက်ခြင်း၊ စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်သစ်၊ ရွှေထီးတော်သစ် ပြန်လည်ပူဇော်ခြင်း အခမ်းအနား၊ ငွေကျပ်သိန်း ၁၉၀၀ ခန့် လှူဒါန်းမှုဖြင့် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ယိုယွင်းခဲ့သည့် မြစည်းခံစေတီတော်မြတ်ကြီး သာသနိကအဆောက်အအုံများ ပြုပြင်ခြင်း၊ အသစ်ပြန်လည် တည်ဆောက်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်း ကောင်းမွန်အလှူတော်အခမ်းအနားကို နိုင်ငံကျော်အနုပညာရှင်များနှင့် အတူ ကျင်းပခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို(တောင်ငူ)**

ပြည်မြို့ တန်ဆောင်တိုင်ပွဲတော်တွင် လာရောက် လည်ပတ်သူများဖြင့် စည်ကား

ပြည် နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် တန်ဆောင်တိုင်ပွဲတော်ကြီးကို နိုဝင်ဘာ ၁၇ ရက်မှ စတင်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် သုံးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ပွဲနှင့် တိုက်ဆိုင်သည့်အတွက် ယခင်နှစ်များထက် ပိုမိုစည်ကားလျက်ရှိသည်။

ပွဲတော်ရက်များအတွင်း ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲနှင့်အတူ တရုတ်ရိုးရာ ယိမ်းကား၊ အိန္ဒိယရိုးရာယိမ်းကား၊ လေ့လှော်ယိမ်းကားများအပါအဝင် အခြားသော ဖျော်ဖြေရေးယိမ်းကားပေါင်းများစွာဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိပြီး ညပိုင်းတွင်လည်း ဇာတ်သဘင်ဖျော်ဖြေမှုများကို ထည့်သွင်းကျင်းပလျက်ရှိသည်။ ပွဲတော်ဈေးတန်းတစ်လျှောက်တွင် ဒေသထွက်အစားအစာများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊



အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် ကလေးကစားစရာ ဆိုင်ခန်းများအပြင် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လယ်ယာသုံး စက်ကိရိယာပြခန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) အရောင်းပြခန်းများကိုပါ စုံလင်စွာ ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

အဆိုပါ ပြည်မြို့ တန်ဆောင်တိုင်ပွဲတော်ကြီးကို နိုဝင်ဘာ ၂၆ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝဏ္ဏထွန်း(ပြန်/ဆက်)**

ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်မှ ၂၉ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်း ဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။



၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်ရေယာဉ်/စက်လှေများ၊ ငါးဖမ်းရေယာဉ်/လှေများ၊ စက်တပ်သမ္မန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်း ငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်း မပြုကြရန် အသိပေးကြေညာအပ်ပါသည်။

နိုင်ငံတကာတရားရုံး(ICJ) ၏ ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ အပြီးသတ်စီရင်ချက်အပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း

၁။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူမျိုးသုဉ်းသတ်ဖြတ်မှုများ ရှိခဲ့သည်ဟုဆိုပြီး မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက အပြည်ပြည် ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုထားသည့်အမှုကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အပြီးသတ်အမိန့်ချမှတ်ခဲ့ရာ (genocide) လူမျိုးသုဉ်းသတ်ဖြတ်မှု မြောက်သည်ဟု (ICJ) တရားရုံးက တစ်ဖက်သတ် ဆုံးဖြတ်ချက် အမိန့်ချမှတ်ခဲ့ပါသည်။

၂။ အဆိုပါအမှုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်ခဲ့ခြင်းမရှိဘဲ ပဋိပက္ခဖြစ်ပွားစဉ်အတွင်း မြန်မာနိုင်ငံ အတွင်း မှီတင်းနေထိုင်သည့် ဒေသခံတိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့သည့် အကြမ်းဖက်အဖွဲ့ ဖြစ်သည့် ARSA အကြမ်းဖက်သမားများအား တုံ့ပြန်ခဲ့သည့်စစ်ဆင်ရေး တစ်ခုသာဖြစ်သည်။ အကြမ်းဖက်အဖွဲ့ဖြစ်သည့် ARSA အကြမ်းဖက် သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် မြို့ရွာအိုးအိမ်များ ပျက်စီးခဲ့ရပါသည်။ ဒေသတွင်းနေထိုင်သူများနှင့် ဘင်္ဂါလီများ နေရပ် စွန့်ခွာထွက်ပြေးခဲ့ရသည့် ဖြစ်စဉ်များကို မှတ်တမ်းမှတ်ရာများဖြင့် တိကျစွာ လျှောက်လဲတင်ပြခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မတရား စွပ်စွဲခံရခြင်းသာဖြစ်ပါသည်။ အပြီးသတ် အမိန့်မချမှတ်ခင် ကြားဖြတ် အမိန့်များ ချမှတ်စဉ်ကတည်းက ညွှန်ကြားချက်များကို တိကျစွာ နိုင်ငံတကာ စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သည်။ ယခု ကိစ္စရပ်နှင့်ပတ်သက်၍ အပြီးသတ်အမိန့်ချမှတ်ခဲ့ရာတွင် တရားသူကြီး ၁၅ ယောက်တွင် တရားသူကြီး ၉ ယောက်က သဘောတူညီခဲ့ပြီး တရားသူကြီး ၆ ယောက်က သဘောမတူဘဲ ကန့်ကွက်ခဲ့သည်။ တရားသူကြီးအားလုံးက ဆုံးဖြတ်ခဲ့ခြင်းမဟုတ်ကြောင်း သိရှိရပါ သည်။ (ICJ)တရားရုံး၏ ဆုံးဖြတ်ချက်သည် တရားမျှတမှု လုံးဝမရှိ ကြောင်း ထင်ရှားပေါ်လွင်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွား အတွက် ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများ ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းသွားမည်ဖြစ်ပြီး အပြီးသတ် အမိန့် ချမှတ်ခဲ့သည့်အမှုသည် တရားမျှတမှုလုံးဝ(လုံးဝ)မရှိပါသဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

ကျောင်းကုန်းမြို့၌ တိရစ္ဆာန်ကောင်ရေစာရင်းအား ရှေ့ပြေး စတင်ကောက်ယူ

ကျောင်းကုန်း နိုဝင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကိုင်းတာအုပ်စု ကျီးတောကျေးရွာ၌ တိရစ္ဆာန်ကောင်ရေစာရင်းကို ယနေ့နံနက်ပိုင်းက လိုက်လံကောက်ယူခဲ့သည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဦးဆောင်၍ ဝန်ထမ်း များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများက ကျီးတောကျေးရွာအတွင်း တိရစ္ဆာန်ကောင်ရေ စာရင်းအား ရှေ့ပြေးအနေဖြင့် လိုက်လံကောက်ယူခဲ့ကြောင်း သိရ သည်။

ဝင်းကြိုင်(ပြန်/ဆက်)



ခိုလမ်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး



ခိုလမ် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေးနှင့် အယ်လ်နီညိုဖြစ်စဉ်အပေါ် လိုက်လျောညီထွေစွာ နေထိုင်နိုင်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဖာငတ်ကျေးရွာ မဟာရတနာခမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ လွှိုင်လင်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိက သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး၊ အယ်လ်နီညိုဖြစ်စဉ်အပေါ် လိုက်လျောညီထွေစွာ နေထိုင်နိုင်ရေးနှင့် ရေသယံဇာတများနှင့် တောမီးအန္တရာယ်များ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေး ဟောပြောပြီး ခိုလမ်မြို့ မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးဌာနမှူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကို ဟောပြောဆွေးနွေးကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

သီဟ(ခိုလမ်)



သုံးရေ ချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့ နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော် အပ်ပါသည်။

ဉာဏ်ရည်တုနည်းပညာခေတ်တွင် သတိပြုရမည့် သတင်းတု သတင်းမှားအန္တရာယ်

ပါမောက္ခ ဒေါက်တာမျိုးခိုင် (ကွန်ပျူတာတက္ကသိုလ်)

မြန်မာ့စာပေကို ပြန်ပြောင်းလေ့လာကြည့်လျှင် သတင်းမှားများကို မစူးစမ်း၊ မဆင်ခြင်ဘဲ ယုံကြည်မိရာမှ ပျက်စီးဆုံးရှုံးရသည့် သင်ခန်းစာ၊ သာဓကများ ထင်ထင်ရှားရှား ရှိခဲ့ဖူးပါသည်။ ငါးရာ့ငါးဆယ်နိပါတ်တော် "ဒုဒ္ဒုဘဇာတ်"တွင် ဥသျှစ်သီးကြွေကျသံကို မစူးစမ်းဘဲ "မြေပြိုပြီ" ဟု အော်ဟစ်ထွက်ပြေးသော ယုန်သူငယ်နောက်သို့ တောတွင်းရှိသားရဲတိရစ္ဆာန်အပေါင်းတို့က တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ယုံကြည်လိုက်ပါကြရာမှ အားလုံးပျက်စီးမည့်ဘေး ကြုံခဲ့ကြရဖူးပါသည်။

ထိုနည်းတူစွာ မြန်မာ့ပါးစပ်ရာဇဝင်၌ ပျူခေတ်သရေခေတ္တရာ ပြည်ကြီးတွင်လည်း လေပွေတိုက်၍ လွင့်ပါသွားသော ဆန်ကောနောက်သို့ ပိုင်ရှင်အမျိုးသမီးက "ငါ့ဆန်ကော၊ ငါ့ဆန်ကော" ဟု အော်ဟစ်လိုက်ပါသည်ကို "ငစကောတပ်ကြီး ချီလာပြီ" ဟူသော သတင်းမှားအဖြစ် ပျံ့နှံ့သွားခဲ့ရာ ပြည်သူအပေါင်းအထိတ်တလန့် ထွက်ပြေးကြရင်း ခမ်းနားထည်ဝါခဲ့သည့် သရေခေတ္တရာမြို့ပြကြီး ပျက်သုဉ်းခဲ့ရပါသည်။ ရှေးယခင်ခေတ်များက နှုတ်စကားဖြင့် ပျံ့နှံ့ခဲ့သော သတင်းမှားတစ်ခုသည်ပင် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ပြိုလဲစေခဲ့ပါသည်။

ယနေ့ခေတ်တွင်မူ ထိုသို့သော သတင်းတု၊ သတင်းမှားများသည် ရှေးခေတ်ကဲ့သို့ နှုတ်စကားအဆင့်မျှသာ မဟုတ်တော့ဘဲ ဉာဏ်ရည်တု (AI) နည်းပညာ၏ အကူအညီဖြင့် အစစ်နှင့် ခွဲခြားရန် အလွန်ခက်ခဲသည့် အသွင်သဏ္ဌာန်သစ်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ပါသည်။ AI နည်းပညာသည် လူသားတို့၏ နေ့စဉ်လူမှုဘဝ၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများတွင် များစွာအကျိုးပြုလျက်ရှိသော်လည်း တစ်ဖက်တွင်မူ ဤနည်းပညာကို အလွဲသုံးစားပြုလုပ်၍ ဖန်တီးဖြန့်ဝေနေကြသော သတင်းတု၊ သတင်းမှားများ၏အန္တရာယ်မှာ အွန်လိုင်းအသုံးပြုသူ ပြည်သူတစ်ဦးချင်းစီ၏ နေ့စဉ်ဘဝလုံခြုံရေးကို ပြင်းထန်စွာ ခြိမ်းခြောက်လျက်ရှိနေပါသည်။

သတင်းတုသတင်းမှား(Fake News) ကို ယေဘုယျအားဖြင့် အမှတ်တမဲ့မှားယွင်းဖော်ပြမိသည့် **သတင်းအမှား** (Misinformation) နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီးသည့် **သတင်းအတု** (Disinformation) ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။

AI ခေတ်၏ သတိပြုဖွယ်ရာ သတင်းတုနည်းပညာ ပုံစံသစ်များ

ယခင်က သတင်းတုများကို စာသားအမှားများ၊ ဓာတ်ပုံဖြတ်ညှပ်ကပ်များဖြင့်သာ ပြုလုပ်ခဲ့ကြသော်လည်း ယနေ့ခေတ် Generative AI နည်းပညာကမူ လူသားတစ်ဦး ဖန်တီးထားသကဲ့သို့ သဘာဝကျနသည့် အကြောင်းအရာအသစ်များကို စက္ကန့်ပိုင်းအတွင်းထုတ်လုပ်ပေးနိုင်စွမ်းရှိလာပါသည်။ အများပြည်သူ အထူးသတိပြုသင့်သည့် အဓိက ပုံစံလေးမျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ရုပ်သံအတုများ

လူတစ်ဦး၏ မျက်နှာအမူအရာနှင့် နှုတ်ခမ်းလှုပ်ရှားမှုတို့ကို AI ဖြင့် လေ့လာမှတ်သားပြီး ထိုသူ လုံးဝမပြောဆိုခဲ့သည့် စကားများကို ပြောဆိုနေသယောင် ရုပ်ရောအသံပါ တစ်ထပ်တည်းတူအောင် ဖန်တီးထားသည့် ရုပ်သံဗီဒီယိုအတုများ (Deepfakes) ဖြစ်ပါသည်။

၂။ အသံအတုများ

အသံတုပခြင်းနည်းပညာ (AI Voice Cloning) ဆိုသည်မှာ လူတစ်ဦး၏ အသံနမူနာကို စက္ကန့်ပိုင်းမျှနားထောင်ရုံဖြင့် ထိုသူ၏ အသံအနေအထား၊ လေယူလေသိမ်းအတိုင်း တုပပြောဆိုနိုင်သည့် နည်းပညာဖြစ်ပြီး မိသားစုဝင်နှင့် မိတ်ဆွေအယောင်ဆောင်ကာ ငွေကြေးလိမ်လည်မှုများတွင် အသုံးပြုလာကြပါသည်။

၃။ ဓာတ်ပုံအတုများ

လက်တွေ့တွင် လုံးဝမဖြစ်ပျက်ခဲ့သည့် သဘာဝဘေးအန္တရာယ် ဓာတ်ပုံများ၊ မတော်တဆမှု ဓာတ်ပုံများနှင့် ဂုဏ်သိက္ခာထိခိုက်စေမည့် ဓာတ်ပုံအတုများကို တကယ့်ဓာတ်ပုံအစစ်နှင့် မခြားနားအောင် စာသားဖြင့် ညွှန်ကြားရုံမျှဖြင့် ဖန်တီးဖြန့်ဝေခြင်း (AI-Generated Images) ဖြစ်ပါသည်။

၄။ စာသားအတုများနှင့် စက်ရုပ်အကောင့်များ

AI စနစ်ဖြင့် စာသားအတု၊ သတင်းအတုများကို မြောက်မြားစွာ ရေးသားစေပြီး အလိုအလျောက် ထိန်းချုပ်ထားသည့် အကောင့်အတု (Bots) ထောင်ပေါင်းများစွာဖြင့် တစ်ပြိုင်နက်တည်း မျှဝေကာ လူအများစိတ်ဝင်စားမှုမြင့်တက်လာအောင် ဖန်တီးခြင်းဖြစ်သည့်အတွက် အဆိုပါ သတင်းတုများသည် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် အချိန်တိုအတွင်း လျင်မြန်စွာပျံ့နှံ့နိုင်စွမ်းရှိကြပါသည်။ ထိုသို့ ထိန်းချုပ်ရခက်ခဲလောက်အောင် ပျံ့နှံ့မှုနှုန်းလျင်မြန်ခြင်းကြောင့် အမှန်တရားကို ပြန်လည်ရှင်းလင်းနိုင်ခြင်းမပြုနိုင်မီမှာပင် လူတစ်ဦးချင်းစီ၏ နေ့စဉ်လူမှုဘဝနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအပေါ် ပြင်းထန်သောဆိုးကျိုးများ သက်ရောက်စေပါသည်။

နေ့စဉ်လူမှုဘဝအပေါ် သက်ရောက်နိုင်သည့် ဆိုးကျိုးများ

AI ဖြင့် ဖန်တီးထားသော သတင်းတု၊ သတင်းမှားများသည် သာမန်လှည့်စားမှုမျှသာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ နေ့စဉ်လူမှုဘဝနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအပေါ် ဘက်ပေါင်းစုံမှ ပြင်းထန်သော ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။ အထူးသဖြင့် အစစ်နှင့်အတု ခွဲခြားရန် ခက်ခဲလှသည့် ရုပ်သံနှင့် အသံတုများကိုအသုံးချ၍ လိမ်လည်လှည့်ဖြားမှုများကြောင့် သာမန်ပြည်သူများအနေဖြင့် တစ်သက်တာစုဆောင်းထားသည့် ချွေးနည်းစာများ ဆုံးရှုံးနစ်နာရခြင်း၊ အရေးကြီးသော ဘဝဆုံးဖြတ်ချက်များ မှားယွင်းချမှတ်မိခြင်း စသည့် လက်တွေ့ကျသော ထိခိုက်ဆုံးရှုံးမှုများကို ကြုံတွေ့နေကြရပါသည်။ ထို့အပြင် သိပ္ပံနည်းကျ အထောက်အထားမရှိသော အကြံပြုချက်အမှားများနှင့် ကြော်ငြာအတုများကို အမှန်ထင်၍ လိုက်နာမိခြင်းကြောင့် လူသားတို့၏ ကိုယ်ခန္ဓာကျန်းမာရေးနှင့် အသက်အန္တရာယ်ကိုပါ တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိပါသည်။

တစ်ဖက်တွင်လည်း လူမှုပတ်ဝန်းကျင်အတွင်း အထင်အမြင် လွဲမှားစေမည့် ဓာတ်ပုံနှင့် ဗီဒီယိုအတုများသည် လူအချင်းချင်းကြား သံသယစိတ်များ၊ အမုန်းတရားများ ပွားများစေပြီး လူ့အဖွဲ့အစည်း၏ တည်ငြိမ်မှုကို ပျက်ပြားစေပါသည်။ အပြစ်မဲ့သူများ၏ ပုံရိပ်နှင့် အသံများကို အလွဲသုံးစားပြုလုပ်၍ အွန်လိုင်းပေါ်တွင် အနိုင်ကျင့်ခြင်း၊ ငွေညှစ်ခြင်းနှင့် သိက္ခာချခြင်းများကြောင့် ကာယကံရှင်များမှာ လူမှုအသိုင်းအဝိုင်းကြား မျက်နှာမပြရဲလောက်အောင် ဂုဏ်သိက္ခာကျဆင်းပြီး စိတ်ပိုင်းဆိုင်ရာ ပြင်းထန်စွာ ထိခိုက်ခံစားကြရပါသည်။

အဆိုးရွားဆုံး နောက်ဆက်တွဲရလဒ်မှာ အတုအယောင်များ အလွန်အကျွံ များပြားလာသောအခါ လူသားများအနေဖြင့် မည်သည့် အရာကိုမျှ မယုံကြည်နိုင်တော့သည့်အခြေအနေသို့ ရောက်ရှိသွားခြင်း ဖြစ်ပါသည်။ ထိုအခါ တကယ့်အဖြစ်မှန် သတင်းအချက်အလက်များ၊ အများပြည်သူ အသက်ဘေးလွတ်မြောက်ရေးအတွက် အရေးပေါ် သတိပေးချက်များ တရားဝင်ထွက်ပေါ်လာသည့်တိုင်အောင် လူအများက အတုဟုထင်မှတ်ကာ လျစ်လျူရှုမိတတ်ကြသဖြင့် လူ့အဖွဲ့အစည်းအတွင်း အမှန်တရားအပေါ် ယုံကြည်မှု ပျောက်ဆုံးသွားစေနိုင်ပါသည်။

သတင်းတု၊ သတင်းမှားများကို
ကိုယ်တိုင်ခွဲခြားစိစစ်နိုင်မည့် နည်းလမ်းများ

ဉာဏ်ရည်တုနည်းပညာသည် မည်မျှပင် အဆင့်မြင့်မားစေကာမူ ပြီးပြည့်စုံမှုမရှိသေးပါ။ ထို့ကြောင့် အွန်လိုင်းအသုံးပြုသူ ပြည်သူများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် စိစစ်ကာကွယ်နိုင်ပါသည်-

၁။ အသေးစိတ်အချက်အလက်များကို စစ်ဆေးခြင်း

AI ဖြင့် ဖန်တီးထားသော ဓာတ်ပုံနှင့် ဗီဒီယိုများတွင် ကိုယ်လက်အင်္ဂါ၊ ဟန်ပန်၊ သွင်ပြင်၊ အမူအရာ၊ လူ့သဘာဝ ဝိသေသလက္ခဏာများ မူမမှန်မှုအပြင် နောက်ခံရှုခင်းနှင့် စာသားများ အဓိပ္ပာယ်မရှိဖြစ်နေခြင်းတို့ကို သတိပြုကြည့်ရှုခြင်းဖြင့် အတုဖြစ်ကြောင်း ခွဲခြားသိရှိနိုင်ပါသည်။

၂။ သတင်းရင်းမြစ်အား အတည်ပြုခြင်း

အမည်မသိ လူမှုကွန်ရက် အကောင့်တုများမှတင်သည့် သတင်းများကို ချက်ချင်းမယုံကြည်ဘဲ ယုံကြည်စိတ်ချရသော တရားဝင် သတင်းမီဒီယာကြီးများနှင့် သက်ဆိုင်ရာပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၏ စာမျက်နှာများတွင် ဖော်ပြထားခြင်း ရှိ၊ မရှိ အမြဲတမ်းတိုက်ဆိုင်စစ်ဆေးရပါမည်။

၃။ စိတ်ခံစားမှုကို နှိုးဆွသည့် အရေးအသားများကို သတိပြုခြင်း

သတင်းတစ်ပုဒ်ကို ဖတ်ရှုလိုက်ချိန်တွင် ဒေါသထွက်ခြင်း၊ အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်ခြင်း စသည့်ပြင်းထန်သော စိတ်ခံစားမှု ချက်ချင်းဖြစ်ပေါ်လာပါက ထိုသတင်းသည် မိမိ၏ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းကို ပိတ်ပင်၍ လှည့်စားရန် ရည်ရွယ်ထားခြင်းဖြစ်နိုင်ကြောင်း သတိပြုဆင်ခြင်ရပါမည်။

၄။ နည်းပညာအကူအညီရယူ၍ ပြန်လည်စစ်ဆေးခြင်း

ဓာတ်ပုံတစ်ပုံ၏ မူလရင်းမြစ်ကို သိရှိလိုပါက 'Google Reverse Image Search' ကဲ့သို့သော အခမဲ့အွန်လိုင်းကိရိယာများကို အသုံးပြု၍ ရှာဖွေစစ်ဆေးနိုင်ပါသည်။ ထို့အပြင် မသေချာမရေရာသော သတင်းများကို မိမိ၏ လူမှုကွန်ရက်မှတစ်ဆင့် ပြန်လည်မျှဝေခြင်း (Share) မှ ရှောင်ကြဉ်ခြင်းဖြင့် သတင်းတုကွင်းဆက်ကို ဖြတ်တောက်ပစ်ရမည် ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းတွင် သတင်းတုအန္တရာယ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများသာမက နည်းပညာထိပ်တန်းရောက်နေသည့် နိုင်ငံများတွင်ပါ ပြင်းထန်စွာ ခံစားနေကြရပါသည်။ ထိုစိန်ခေါ်မှုကို ရင်ဆိုင်ဖြေရှင်းရန်အတွက် နိုင်ငံတကာတွင် နည်းပညာကုမ္ပဏီကြီးများက AI ဖြင့် ဖန်တီးထားသော ရုပ်ပုံနှင့် ဗီဒီယိုများ၌ မမြင်နိုင်သော ဒစ်ဂျစ်တယ်အမှတ်အသား (Digital Watermarking) များ ထည့်သွင်းခြင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် 'AI ဖြင့် ဖန်တီးထားသည်' ဟူသော သတိပေးစာတန်းများ မဖြစ်မနေဖော်ပြစေခြင်းနှင့် လွတ်လပ်သောအချက်အလက်စစ်ဆေးရေးအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ရှင်းလင်းခြင်း စသည့်နည်းပညာပိုင်းဆိုင်ရာ ကာကွယ်မှုများနှင့် ဒီဂျစ်တယ် အသိပညာပေးလုပ်ငန်းစဉ်များကို ဟန်ချက်ညီညီအကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်

> **ကမ္ဘာတစ်ဝန်းတွင် သတင်းတုအန္တရာယ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများသာမက နည်းပညာထိပ်တန်းရောက်နေသည့် နိုင်ငံများတွင်ပါ ပြင်းထန်စွာခံစားနေကြရပါသည်။ ထိုစိန်ခေါ်မှုကို ရင်ဆိုင်ဖြေရှင်းရန်အတွက် နိုင်ငံတကာတွင် နည်းပညာကုမ္ပဏီကြီးများက AI ဖြင့် ဖန်တီးထားသောရုပ်ပုံနှင့် ဗီဒီယိုများ၌မမြင်နိုင်သော ဒီဂျစ်တယ်အမှတ်အသား (Digital Watermarking) များ ထည့်သွင်းခြင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် 'AI ဖြင့် ဖန်တီးထားသည်' ဟူသော သတိပေးစာတန်းများ မဖြစ်မနေဖော်ပြစေခြင်းနှင့် လွတ်လပ်သောအချက်အလက်စစ်ဆေးရေးအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ရှင်းလင်းခြင်း စသည့်နည်းပညာပိုင်းဆိုင်ရာ ကာကွယ်မှုများနှင့် ဒီဂျစ်တယ်အသိပညာပေးလုပ်ငန်းစဉ်များကို ဟန်ချက်ညီညီအကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်**

ယူနက်စကို (UNESCO) ၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့နိုင်ငံများ၏ ၄၃ ရာခိုင်နှုန်းခန့်သည် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (Media and Information Literacy) ကို ပညာရေးသင်ရိုးညွှန်းတမ်းများထဲတွင် တရားဝင် ထည့်သွင်း သင်ကြားပေးနေပြီဖြစ်ပါသည်။ AI နည်းပညာ ပိုမိုတွင်ကျယ်လာသည့် ယနေ့ခေတ်တွင် အဆိုပါ သတင်းအချက်အလက် ပိုင်းခြားစိစစ်နိုင်စွမ်းများကို မြှင့်တင်ပေးရန်မှာ ယခင်ကထက် ပိုမိုအရေးကြီးလာပြီဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ဉာဏ်ရည်တုနည်းပညာသည် ကြားနေအရာဝတ္ထုသာဖြစ်ပြီးအသုံးချသူ လူသားတို့၏ စိတ်စေတနာနှင့် အသိဉာဏ်ပေါ်မူတည်၍ ကောင်းကျိုးနှင့် ဆိုးကျိုးကွဲပြားသွားခြင်း ဖြစ်ပါသည်။ ရှေးပျူခေတ်က "ငါ့ဆန်ကော" ဟူသော ကောလာဟလနှင့် ဒုဒ္ဒုဘဇာတ်တော်လာ ဥသျှစ်သီးကြွေသံကြောင့် ဘေးဒုက္ခ ကြုံတွေ့ခဲ့ကြရသည့် သင်ခန်းစာများကို နှလုံးသွင်းလျက် ယနေ့ AI ခေတ်တွင် သတင်းမှန်နှင့် သတင်းတုကို ခွဲခြားသိမြင်နိုင်စွမ်းရှိခြင်းသည် လူသားတိုင်း မဖြစ်မနေတတ်မြောက်ထားရမည့် ဘဝရှင်သန်ရေး ကျွမ်းကျင်မှုတစ်ခု ဖြစ်လာပါသည်။

သို့ဖြစ်ပါ၍ နည်းပညာဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး အရာရာကို သတိ၊ ပညာ၊ ဝေဖန်ပိုင်းခြားဉာဏ်တို့ဖြင့် ချင့်ချိန်သုံးသပ်ခြင်းအားဖြင့် သတင်းတု၊ သတင်းမှားအန္တရာယ်မှ မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကိုပါ အကာအကွယ်ပေးနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကိုးကား -

1. ငါးရာ့ငါးဆယ်ဇာတ်တော်၊ 'ဒုဒ္ဒုဘဇာတ်'။
2. Journalism, 'Fake News' & Disinformation: Handbook for Journalism Education and Training, UNESCO, 2018.
3. Advancing Media and Information Literacy in the Age of Artificial Intelligence, UNESCO, 2026.
4. Google Reverse Image Search [images.google.com].

လွိုင်ကော်မြို့၌ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



လွိုင်ကော် နိုဝင်ဘာ ၂၃

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးလျက် တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲကို ယမန်နေ့ ညပိုင်းက လွိုင်ကော်မြို့ ကန္ဒာဟေဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအဲ့မော်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် မီးပုံးပျံပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲပထမနေ့အဖြစ် ကန္ဒာဟေဝန်ပန်းခြံ ကျောက်သားရင်ပြင်ကွင်းအတွင်း၌ ပြုလုပ်ရာ လွိုင်ကော်မြို့ရပ်ကွက်အသီးသီးမှ ပြိုင်ပွဲဝင်ညီးကြီး ၁၁ လုံး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ပွဲတော်လာ ရောက်သည့်ပရိသတ်များက တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ညီးကြီးမီးပုံးပျံ အလုံး ၃၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

တန်ဆောင်တိုင်ပွဲတော် ဒုတိယနေ့နှင့် တတိယနေ့တို့တွင် ကျောက်သားရင်ပြင်ကွင်းအတွင်း၌ တေးဂီတဖျော်ဖြေပွဲများကို လည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးဌာနအသီးသီးနှင့် စေတနာရှင်ပြည်သူများက မြန်မာ့ရိုးရာ အစားအစာမျိုးစုံကို ဝန်ကြီးဌာနအလိုက် စတုဒိသာမဏ္ဍပ်များဖြင့် ကုသိုလ်ပြုဧည့်ခံကျွေးမွေးခြင်းနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် တန်ဆောင်တိုင် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ဒုတိယရက်ညပိုင်းတွင် ပွဲတော်လာပြည်သူများဖြင့် စည်ကား



ရန်ကုန် နိုဝင်ဘာ ၂၃

